**ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**ပဥ္စမနေ့ အစီအစဉ်**

**[ ၂၃–၁–၂၀၁၄ ] (ကြာသပတေးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **အခြေခံပညာ မူ/လယ်/ထက် ကျောင်းသုံးပုံနှိပ်စာအုပ်များ ရေရှည်အသုံးခံ စက္ကူသားများဖြင့် အဆင့်မြင့်ရိုက်နှိပ်ထုတ်ဝေရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ပင်လုံညီလာခံ မှတ်တမ်းစာအုပ်တွင် ပင်လုံညီလာခံပြုလုပ်ရသည့် ရည်ရွယ်ချက်၊ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ ပင်လုံစာချုပ်ပါ သဘောတူညီချက်တို့ကို ပြည့်ပြည့်စုံစုံ ရေးသားပြုစုထားသည့် ပင်လုံညီလာခံ မှတ်တမ်းစာအုပ်အား ရိုက်နှိပ် ထုတ်ဝေရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **တိုင်းရင်းသားစာတ်ကားများကို မိမိဘာသာစကားနှင့် မြန်မာစာတမ်းထိုးစာတ်ကား နှစ်မျိုးကို ဗဟိုပြု၍ ဆင်ဆာခွင့်ပြုချက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ရေးမြို့နယ်၊ ကဗျာဝကျေးရွာတွင် လိုအပ်နေသော တံတားနှင့် ကော့ဒွတ်–ကတို့ဆိပ်ကျေးရွာမှ နှစ်ကရင်ကျေးရွာသို့ ဆက်သွယ်ပေးသော တံတားများကို ၂၀၁၃–၂၀၁၄ ဘတ်ဂျက်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်သိန်း၊ ရှောင် မဲဆန္ဒနယ်၏ **ရှောင်မြို့၊ ဆင်ခြေဖုံးရှိ ရေကန် (၉)ကန်အနက် အချို့ကန်များတွင် ဆောင်ရွက်ပေးမည့် လုပ်ငန်းများအား ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၏ အားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်း ကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန်နှင့် နည်းစနစ်မှူး ခန့်ထားပေးမည့် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးကျော်တင်ရွှေ၊ မိုင်းရှူး မဲဆန္ဒနယ်၏ **မိုင်းရှူးမြို့နယ်တွင် မြို့နယ်အဆင့် အားကစားကွင်း၊ ဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ကာကွယ်ရေးဝန်ကြီးဌာနက **" မြန်မာနိုင်ငံ ရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၈။ **" မြန်မာနိုင်ငံ ရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

၉။ ကာကွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **" မြန်မာနိုင်ငံ ရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ ဦးစောလှထွန်း၊ ချောင်းဦး မဲဆန္ဒနယ်က တင်သွင်းသည့် **" ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။